**ပြည်ထောင်စုမြန်မာနိုင်ငံတော်**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**

**မြန်မာသမိုင်းအဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

**(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၇/၂၀၀၈)**

**၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်**

**(၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည် -

၁။ ဤဥပဒေကို **မြန်မာသမိုင်းအဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာသမိုင်းအဖွဲ့ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ခ) ၌ ပါရှိသော "ပညာရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "ယဉ်ကျေးမှုဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြန်မာသမိုင်းအဖွဲ့ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဂ) နှင့်(ဃ) တို့တွင် ပါရှိသော "တက္ကသိုလ်များ သမိုင်းသုတေသနဌာန" ဆိုသည့် စကားရပ်ကို "သမိုင်းသုတေသနဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄။ မြန်မာသမိုင်းအဖွဲ့ဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၉။ (က) ဝန်ကြီးဌာနသည် အဖွဲ့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သမိုင်းသုတေသနဦးစီးဌာနကို ဖွဲ့စည်းထားရှိရမည်။

(ခ) သမိုင်းသုတေသနဦးစီးဌာနသည် တက္ကသိုလ်များ သမိုင်းသုတေသန ဌာန၏ လုပ်ငန်းတာဝန်များ၊ ရပိုင်ခွင့်နှင့် ကြွေးမြီများကို ဆက်ခံရမည်။

(ပုံ)

သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ